www.burmeseclassic.com

အတွဲ ၃၊ အမှတ် ၂၆၊

4 July 2013

အပတ်စဉ်ကြာသပတေးနေ့တိုင်း

ယဉ်မောမှ စီစဉ်သည်။



ကျောင်းမှန်မှန်တက်
စာမခက်

# ပုတက်

putet weekly

26

အပတ်စဉ် ရောင်စုံ ကာတွန်း ဂျာနယ်

ကလေးလူကြီးအားလုံးပျော်ရွှင်ဖို့ ပုတက်ကာတွန်း ဖတ်ကြစို့။




www.burmeseclassic.com

www.burmeseclassic.com




ကိုရွှေထူး(ပြည်) - တကယ်မလွယ်ဘူး နိုင်ထူး၊ မောင်မောင် - ပိန်ပိန်ရှေ့ရှေ့ ဆန်းထွန်း - ကံ့ကော်နဲ့ ဝတ်မှုံ၊
သုတကမ္ဘာ၊ စိန်မျောက်မျောက် - ကြိုတင်ကာကွယ်ခြင်း၊ လျှပ်စီး - အတ်...နစ်ထောင့်ဆယ့်သုံး၊ တင်အောင်နီ - ကာကာဇာတ်၊

www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဗို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး - ဗို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဗို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဗို့အရေး

ပြည်သူ့သဘောထား
- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်
- စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အိမ်သာတက်ပြီးချိန်တိုင်းနှင့် အစာမစားမီတိုင်း လက်ကို ဆပ်ပြာနှင့် ရေများများသုံးပြီး စင်ကြယ်အောင်ဆေးကြောပါ။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

အိမ်သာတက်ပြီးချိန်တိုင်းနှင့် အစာမစားမီတိုင်း လက်ကို ဆပ်ပြာနှင့် ရေများများသုံးပြီး စင်ကြယ်အောင်ဆေးကြပါ။




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com



# JOHN CAGE

(SEPTEMBER 5, 1912 – AUGUST 12, 1992)



BURMESE CLASSIC .com

စန္ဒရားပညာရှင်တစ်ယောက် စန္ဒရားရှေ့မှာ ၄မိနစ်၃၃ စက္ကန့်ကြာထိုင်ပြီး လေ့တ်တစ်ခုမှ မနှိပ်ဘဲ သီချင်းဖျော်ဖြေသွားတာ အရို့ မြင်ဖူးကြပါလိမ့်မယ်။ ဒါဟာ ဟာသပြကွက် မဟုတ်ဘဲ ၂၀ ရာစုမှာ ပေါ်ထွန်းခဲ့တဲ့ နာမည်ကျော် တေးရေးပညာရှင် ဂျွန်ကေ့ချ်ရေးစပ်ထားတဲ့ 4'33" အမည်ရ စန္ဒရားသီချင်းတစ်ပုဒ် ဖျော်ဖြေတာဖြစ်ပါတယ်။ အဲဒီသီချင်းကို Orchestra ခေါ် သံစုံတီးဝိုင်းတွေမှာလည်း တင်ဆက်လေ့ရှိပါတယ်။ သီချင်းရဲ့ရည်ရွယ်ချက်က အားလုံးတိတ်ဆိတ်နေတဲ့အချိန်မှာ ပတ်ဝန်းကျင်က ကြားရသမျှ အသံတွေကို အာရုံပြုပြီးခံစားရတာ ဖြစ်ပါတယ်။ ဂျွန်ကေ့ချ်ဟာ ရှေးခေတ်ဂန္ထဝင်သီချင်းတွေရဲ့ လွှမ်းမိုးမှုကို သွေဖယ်ပြီး ကိုယ်ပိုင်ဂီတဟန်ကို တည်ထောင်ခဲ့သူဖြစ်ပါတယ်။ ပြီးတော့ ဂီတဖျော်ဖြေမှုဆိုတာ သံစဉ်တွေ ဖန်တီးဖို့မဟုတ်ဘဲ နားထောင်ဖို့သာဖြစ်တယ်လို့ အဆိုပြုခဲ့ပါတယ်။

ကေ့ချ်ကို ၁၉၁၂ ခုနှစ် လော့စ်အိန်ဂျလိစ်မှာမွေးဖွားခဲ့တာ ဖြစ်ပါတယ်။ ငယ်စဉ်က

ဆီမှာ ဂီတပညာ ဆက်လက်ဆည်းပူးခဲ့ပါတယ်။ အဲဒီမှာ ကေ့ချ်က သူနားလည်တဲ့ဂီတဆိုတာ အဲဒီအချိန်က အများနားလည် လက်ခံထားကြတဲ့ အမျိုးအစားမဟုတ်ဘူးဆိုတာ သဘောပေါက်နားလည်ခဲ့တယ်။ ဂျွန်ကေ့ချ်က အခြားဂီတပညာရှင်တွေလို ဟာမိုနီကိုအခြေခံပြီး သီချင်းမရေးစပ်ချင်ပါဘူး။ သူ့ဆရာ Schoenberg ကလည်း ဟာမိုနီမပါဘဲ သီချင်းလုံးဝ စပ်လို့ရမှာမဟုတ်ဘူးလို့ထင်ကြေးပေးခဲ့ပါတယ်။ သိပ်မကြာခင်မှာဘဲ သူ့လို အစဉ်အလာက ဖောက်ထွက် ချင်တဲ့ အကပညာရှင် Merce Cunningham နဲ့ ပန်းချီပညာရှင် Robert Rauschenberg တို့ကိုတွေ့ရှိခဲ့ပါတယ်။

ကေ့ချ်ဟာ သူတို့နှစ်ယောက်နဲ့ပူးပေါင်းပြီး Black Mountain ကောလိပ်မှာပြုလုပ်တဲ့ ဖျော်ဖြေပွဲတွေမှာ နောက်ခံတေးဂီတတွေ စတင်ဖန်တီးပေးခဲ့ပါတယ်။ ကေ့ချ်ရဲ့ တီထွင်ဖန်တီးမှုတွေက ၂၀ ရာစု အနုပညာရှင်တစ်ယောက်ဖြစ်တဲ့ Marcel Duchamp ဆီက ရရှိခဲ့ပြီး ပတ်ဝန်းကျင်မှာရှိတဲ့ အသံတွေကိုပဲလိုက်တုပြီး ဖန်တီးတယ်ဆိုတာ မြင်သာပါတယ်။ ...

ကတော့ စန္ဒရားကြိုးတွေထဲမှာ ဝက်အူရစ်၊ စာရွက်တွေထည့်ပြီး တီးခတ်တာ ဖြစ်ပါတယ်။ အဲ့ဒီလိုလုပ်ပြီး တီးခတ်တဲ့စန္ဒရားကို အင်္ဂလိပ် prepared piano လို့ခေါ်ပါတယ်။ ၁၉၅၁ ခုနှစ်မှာ ရေးစပ်ခဲ့တဲ့ "Imaginary Landscape No 4" သီချင်းမှာဆိုရင် ရေဒီယိုဆယ့်နှစ်လုံးကို တစ်ပြိုင်နက်ဖွင့်ပြီး မတူညီတဲ့ ရေဒီယိုလှိုင်းတွေက လာနေတဲ့ အသံတွေကို ရောနှောခံစားတာဖြစ်ပါတယ်။ ၁၉၅၂ က Water Music မှာဆိုရင် ရေသံတွေပါထည့်သုံးခဲ့ပါတယ်။ ဒါကြောင့် သူ့သီချင်းတွေကို ကြည့်လိုက်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ အသံတွေကိုပဲလိုက်တုပြီး ဖန်တီးတယ်ဆိုတာ မြင်သာပါတယ်။ ၁၉၆၀ က Cartridge Music ဆိုရင် မီးဖိုချောင်ထဲက ထွက်လာတဲ့အသံတွေကို အသံရိုက်နဲ့ ပြန်ရိုက်ပြီးတင်ဆက်ခဲ့ပါတယ်။ ပြီးတော့ မတူညီတဲ့ကက်ဆက်ခွေက တိပ်တွေကို အပိုင်းပိုင်းဖြတ်ပြီး ပြန်ဆက်နားထောင်တာတွေလည်း လုပ်ခဲ့ပါတယ်။ ဂျွန်ကေ့ချ် ဟာဘာသာမဲ့ဖြစ်ပေမဲ့ ဇန်ဗုဒ္ဓဘာသာနဲ့

အများကြီးရှိပါတယ်။ ၁၉၆၁ ခုနှစ်ရောက်တော့ သူ့ရဲ့ ပထမဆုံး "Silence" အမည်ရ လုံးချင်းစာအုပ်ကိုထုတ်ဝေခဲ့ပါတယ်။ ဂျွန်ကေ့ချ်ရဲ့ အယူအဆအရ ဂီတဆိုတာ နေရာတိုင်းမှာရှိပြီး နားထောင်ဖို့ပဲ လိုပါတယ်။ Contemporary ခေါ် ခေတ်သစ်ဂီတလောက အရေးအပါဆုံး ဖြစ်တဲ့ တေးရေးပညာရှင် ဂျွန်ကေ့ချ်ဟာ ၁၉၉၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ သူကွယ်လွန်သွားခဲ့ပေမဲ့ သူဖန်တီးခဲ့တဲ့အနုပညာတွေကတော့ ဆက်လက်ရှင်သန်လျက် ရှိဆဲပါပဲ။




www.burmeseclassic.com

တည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ ပြီးတော့ ဂီတဖျော်ဖြေမှုဆိုတာ သံစဉ်တွေ ဖန်တီးဖို့မဟုတ်ဘဲ နားထောင်ဖို့သာဖြစ်တယ်လို့ အဆိုပြုခဲ့ပါတယ်။


ကေ့ချ်ကို ၁၉၁၂ ခုနှစ် လော့စ်အိန်ဂျလိစ်မှာမွေးဖွားခဲ့တာ ဖြစ်ပါတယ်။ ငယ်စဉ်က Pamona ကောလိပ်မှာ ဓာတ်ပညာသင်ယူပြီးနောက် ကယ်လီဖိုးနီးယား တက္ကသိုလ်က ဂန္တဝင်သီချင်းတွေရေးစပ်တဲ့ Schoenberg

ပြီး Black Moun

www.burmeseclassic.com

ရဲ့ ပြီးတင်ဖျော်ဖြေပွဲတွေမှာ နောက်ခံတေးဂီတတွေ စတင်ဖန်တီးပေးခဲ့ပါတယ်။ ကေ့ချ်ရဲ့ တီထွင်ဖန်တီးမှုတွေက ၂၀ ရာစု အနုပညာရှင်တစ်ယောက်ဖြစ်တဲ့ Marcel Duchamp ဆီက ရရှိခဲ့ပြီး ပတ်ဝန်းကျင်မှာမြင်ရတွေ့ရကြားရတဲ့ အရာဝတ္ထုတွေကို အဓိကအခြေခံတာဖြစ်ပါတယ်။

ကေ့ချ်ရဲ့ဖန်တီးမှုထဲမှာ အဓိကပါဝင်တာ ဆက်ခဲ့ပါတယ်။ ပြီးတော့ မတူညီတဲ့ကက်ဆက်ခွေက တိပ်တွေကို အပိုင်းပိုင်းဖြတ်ပြီး ပြန်ဆက်နားထောင်တာတွေလည်း လုပ်ခဲ့ပါတယ်။ ဂျွန်ကေ့ချ် ဟာဘာသာမဲ့ဖြစ်ပေမဲ့ ဇန်ဗုဒ္ဓဘာသာနဲ့ အိန္ဒိယန်း အတွေးအခေါ်တွေကို လေ့လာလိုက်စားသူဖြစ်ပါတယ်။ သူ့ရဲ့လေ့လာမှုတွေက သူဖန်တီးတဲ့ အနုပညာတွေအပေါ် လွှမ်းမိုးမှု












# SUDOKU

## ဆူဒိုခု ကစားရအောင်

ဒေါင်လိုက်နဲ့ အလျားလိုက် လိုင်းတိုင်းမှာ ၁ ကနေ ၉ အထိ နံပါတ် တစ်ခုစီ ရှိရမယ်။ အပိုင်းကိုးခုပါတဲ့ ၃×၃ အကွက်တွေထဲမှာလည်း ၁ ကနေ ၉ အထိ တစ်ခုစီရှိရမယ်။

နံပါတ်တစ်ခုကို တစ်လိုင်းတည်း၊ တစ်ကွက်တည်းမှာ နှစ်ခါ ထပ်ထည့်လို့ မရဘူးနော်။ ဒီတစ်ပတ် ပေးထားတဲ့ ဆူဒိုခု နှစ်ကွက်မှာ လိုနေတဲ့ နံပါတ်တွေ စမ်းဖြည့်ကြည့်ပါဦး။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | 2 | 7 | | | 6 | 8 | | |
| | | | | | | 9 | | |
| | 4 | | | | | 1 | 5 | |
| 5 | | 9 | | | | | | |
| | | | 4 | | 7 | | 3 | |
| 1 | | | | 3 | 8 | | | |
| | | | | 2 | | | | 4 |
| 7 | | | | 1 | 4 | | | 5 |
| | | 3 | | 7 | | | 8 | 6 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 3 | | 7 | | 1 | | |
| | | | 9 | | | | | |
| | | | 6 | | 2 | | 5 | 4 |
| | | | | 5 | | | | 6 |
| | | 4 | | 8 | | | 3 | |
| 5 | | 9 | | 6 | | | 2 | 7 |
| 6 | 2 | | | | | | | |
| 7 | 4 | | 8 | | | 5 | | |
| | 9 | | | 4 | | | | |



www.burmeseclassic.com

www.burmeseclassic.com



# ယုံချင်ယုံ မယုံချင်နေ

## BELIEVE IT OR NOT

### မိုးကြိုးလေးခါ အပစ်ခံရသူ

မိုးကြိုးတစ်ခါအပစ်ခံရရင် သေသတယ်လို့သာ ကြားဖူးကြပါတယ်၊ တစ်နေရာထဲ မိုးကြိုးနှစ်ခါမပစ်ဖူးဆိုတဲ့ စကားပုံလည်း ရှိပါတယ်၊ အသက် ၂၀ အရွယ်ရှိ ကိုလံဘီယာနိုင်ငံသား Alexander Mandón ကျတော့ မိုးကြိုးအပစ်ခံရတာ လေးကြိမ်ရှိပေမဲ့ ကံကောင်းထောက်မစွာနဲ့ အသက်ရှင်သန်လျက်ရှိနေတုန်းပါပဲ၊ အဲဒီလေးကြိမ်လုံးက ခြောက်လအတွင်း အပစ်ခံခဲ့ရတာ ဖြစ်ပါတယ်၊

အဲ့လို မိုးကြိုးအကြိမ်ကြိမ် အပစ်ခံရတော့ နောက်ဆုံး Mr. Mandón တစ်ယောက် ရွာထဲက အထူးကု သမားတော်ဆီ အကူအညီတောင်းခံရပါတယ်၊ သမားတော်က Mr. Mandón ကို ခန္ဓာကိုယ်ထဲမှာရှိတဲ့ လျှပ်စစ်အမောက်တွေ ရှိနေတယ်ဆိုပြီး စစ်ဆေးတွေ့ရှိခဲ့ပါတယ်၊ မိုးကြိုးကလည်း လျှပ်စစ်အမောက်ရှိတာကြောင့် သူတို့အချင်းချင်းဆွဲငင်ပြီး မိုးကြိုးအပစ်ခံရတာဖြစ်မယ်လို့ ကောက်ချက်ချခဲ့ပါတယ်၊ ဒါကြောင့်လျှပ်စစ်ဓာတ်တွေ ပျက်ပြယ်စေဖို့အတွက် အဖိုဓာတ်ရော အမဓာတ်ပါ ထုတ်လုပ်နိုင်စွမ်းရှိတဲ့ ကမ္ဘာမြေကြီးထဲမြှုပ်နှံဖို့ စီစဉ်လိုက်ပါတယ်၊


အဲ့လိုမြှုပ်နှံလိုက်ခြင်းအားဖြင့် ကမ္ဘာမြေကြီးထဲက အဖိုဓာတ်တွေ ထွက်လာပြီး Mr. Mandón ခန္ဓာကိုယ်ထဲက အမဓာတ်တွေကို အာနိသင်ပျက်ပြယ်စေမှာ ဖြစ်ပါတယ်၊ မိုးကြိုးလွှဲတိုင်တွေကလည်း အဲဒီနည်းအတိုင်း တည်ဆောက်ထားတာ ဖြစ်ပါတယ်၊

ဒီလိုနဲ့ Mr Mandón သူ့ကို မြေကြီးထဲမြှုပ်နှံမယ့် အစီအစဉ်ကို လက်ခံလိုက်ပါတယ်၊ မြှုပ်နှံရာမှာ သူ့ဦးခေါင်းတစ်ခုထဲ အပေါ်မှာ ဖော်ထားပြီး ခန္ဓာကိုယ်တစ်ခုလုံးကို မြှုပ်နှံတာဖြစ်ပါတယ်၊ ဒါပေမဲ့ နာရီအနည်းငယ်ခန့် မြှုပ်နှံ အပြီးမှာတော့ သူတို့လုပ်နေတာ ပုံစံမကျဘူးဆိုတာ သိလိုက်ရပါတယ်၊ သမားတော်ကြီးကတော့ Mr Mandón က မတ်တပ်မရပ်ဘဲ လှဲအိပ်နေတဲ့အတွက် ကုသမှုက မထိရောက်ဘူးဆိုပြီး ထောက်ပြပါတယ်၊ ဒီလို သမားရိုးကျမဟုတ်တဲ့ ကုသမှု ထိရောက်မလားဆိုတာတော့ အချိန်ကပဲ ပြောနိုင်ပါလိမ့်မယ်၊ လူတွေအားလုံးကတော့ Mr Mandón တစ်ယောက် နောက်တစ်ခါ မိုးကြိုးအပစ်မခံရပါစေနဲ့လို့သာ ဆုတောင်းနေကြပါတယ်၊









www.burmeseclassic.com

www.burmeseclassic.com




# ကလေးတို့ရေ !

ပုတက်ကို ဆက်သွယ်ချင်ရင်၊ အကြံပေးချင်ရင်
**e-mail နဲ့ Facebook ကနေ ဆက်သွယ်လို့ရပါတယ်။**

info.putet@gmail.com

**https://www.facebook.com/PutetComics**
Facebook မှာပုတက်ရဲ့ Page ကို Like လုပ်ထားလိုက်ဦး။
ကာတွန်းရောင်စုံက ကာတွန်းလေးတွေ ဖတ်လို့ရတယ်နော်။







## သူ၏တာဝန်

ဂျုန်းဂျက်သံစုံပေး...ပေး၊
ရထားကြီးက ပြေး...ပြေး...၊
ဥသြဆွဲသံ တူ...တူ
သူဖြတ်သွားရင် ဆူ...ဆူ...၊
လက်ပြအော်ဟစ်နှုတ်ဆက်
အားလုံးသူ့ငါ ကသုတ်ကယက်၊
ဘူတာရောက်ရင် တကြော်ကြော်
ဈေးသည်ကြီးငယ် အော်...အော်...၊
ခရီးဆုံးတိုင် ရှေ့ဆက်
ရထားကြီး တာဝန်တစ်နေ့မပျက်...၊ ၊

ထွန်းထွန်း (ဂီတမိတ်)



www.burmeseclassic.com


www.burmeseclassic.com



# Freaky Facts

ထူးဆန်းသော အမှန်တရားများ





## အရပ်အမြင့်ဆုံး နို့တိုက်သတ္တဝါ

သစ်ကုလားအုပ်တွေဟာ ကမ္ဘာ့အရပ်အမြင့်ဆုံး နို့တိုက်သတ္တဝါဖြစ်ပြီး မွေးကင်းစသစ်ကုလားအုပ်တောင် အရပ်အမြင့် ၁.၈ မီတာ သို့မဟုတ် ၆ ပေခန့်အထိရှိပါတယ်။ သစ်ကုလားအုပ်တွေရဲ့ပေါက်ဖွားရာဇစ်မြစ်က အာဖရိကတိုက်ဖြစ်ပါတယ်။ အရွယ်ရောက်ပြီး သစ်ကုလားအုပ်ရဲ့အရပ်အမြင့်က ၅မီတာ မှ ၆မီတာ (၁၆ပေ မှ ပေ ၂၀)အထိရှိပါတယ်။ ဒါပေမဲ့ ကိုယ်အလေးချိန်ကျတော့ အထီးနဲ့အမပေါ်လိုက်ပြီး အတော်လေး ကွဲပြားသွားပါတယ်။ အထီးရဲ့ကိုယ်အလေးချိန်က ပေါင်ချိန် ၃၅၀၀ခန့် ရှိပေမဲ့ အမရဲ့ကိုယ်အလေးချိန်က ပေါင်ချိန် ၁၈၀၀ ခန့်သာရှိပါတယ်။

## M&M's ချောကလက်ဘယ်လိုဖြစ်






လူကြိုက်များတဲ့ M&M's တံဆိပ် ရောင်စုံချောကလက်လုံးလေးတွေဟာ ၁၉၄၁ ခုနှစ် အမေရိကန်နိုင်ငံမှာ အစပြုခဲ့တာဖြစ်ပါတယ်။ M&M's ဆိုတဲ့နာမည်ကတော့ ပူးတွဲတည်ထောင်သူနှစ်ယောက်ဖြစ်တဲ့ Forrest Mars, Sr., နဲ့ Bruce Murrie of Hershey's တို့ရဲ့မိသားစုနာမည်မှာပါတဲ့ "M" ဆိုတဲ့ အစ စာလုံးကို အစွဲပြုပြီး ပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိ M&M's ချောကလက်တွေကို Mars, Incorporated က နိုင်ငံပေါင်း တစ်ရာကျော်မှာ ဖြန့်ဖြူးရောင်းချလျက် ရှိပါတယ်။





## အရပ်ရှည်ချင် အာကာသထဲသွား

လေ့လာဆန်းစစ်ချက်တစ်ခုအရ အာကာသခရီးစဉ်ကပြန်လာတဲ့ အာကာသယာဉ်မှူးတွေဟာ ပျမ်းမျှ အရပ်အမြင့် ၂ လက်မခန့် ရှည် ထွက်လာတယ်လို့ဆိုပါတယ်။ အကြောင်းရင်းတော့ ပင်မကျောရိုးထဲမှာရှိတဲ့ အရိုးနုပြားလေးတွေက ဆွဲငင်အားမဲ့တဲ့ အာကာသ ဟင်းလင်းပြင်ထဲရောက် ရင်ရှည်ထွက်လာခဲ့တာကြောင့် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# DRAWING
မြေခွေးပုံလေး ဆွဲကြမယ်




YINMAR ONLINE STORE

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို
ငွေ‌ဈေးရင်းအတိုင်း မှာယူနိုင်ပြီး ဒီအရောက်တန်ဖိုးမှာ -
[check-out price + US မှ မြန်မာပြည်အရောက် ပို့ခ ပေါင်ချိန်တစ်ပေါင် $6.00]
(Electronic Gadgets အတွက် extra fees ပေးဆောင်ရမည်။)
ကျသင့်တန်ဖိုး၏ 10% ကို ဝန်ဆောင်ခအတွက် ထည့်ပေါင်းပါသည်။
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို ကြိုတင်ပေးသွင်းရပါမည်။



ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။
မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။

စုံစမ်းရန် - ယင်းမာတေးသံသွင်းအမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် - ၀၁ - ၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉ - ၄၅၀၀ ၆၆၂၄၂

E-mail ဖြင့်လည်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ E-mail - chitkhinlim@gmail.com

www.burmeseclassic.com

www.burmeseclassic.com

အိမ်သာတက်ပြီးချိန်တိုင်းနှင့် အစာမစားမီတိုင်း လက်ကို ဆပ်ပြာနှင့် ရေများများသုံးပြီး စင်ကြယ်အောင်ဆေးကြောပါ။



# လေ့လာမှတ်သား မြန်မာ့ဆိုရိုးစကား

# MYANMAR SAYINGS



## အမျိုးထိ မချိအောင်နာ

မိမိအမျိုးကို ထိပါးလျှင် မခံမရပ်နိုင်အောင် နာကြည်းသည်။





## အမျိုးနည်းလျှင် မကျယ်နှင့်၊ အဖိုးနည်းလျှင် မဝယ်နှင့်

ဆွေမျိုးနည်းပါးလျှင် လူတွင်ကျယ်မလုပ်ပါနှင့်၊
တန်ရာတန်ဖိုးအောက် နည်းလွန်းသော ပစ္စည်းမျိုးကိုလည်း မဝယ်ပါနှင့်။

## အမေ့ကိုပြော တံကောက်ကြော

တံကောက်ကြောကို ထိုးကွင်းထိုးသောအခါ
အမေ့ကို တရလောက်အောင် နာကျင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com

# တောတွင်းသားတွေလို တိရစ္ဆာန်တွေနဲ့ယဉ်ပါးတဲ့ Tippi

စာရေးဆရာ Rudyard Kipling ရဲ့ The Jungle Book ထဲက Mowgli အကြောင်းကြားဖူးမိကြမှာပါ။ Mowgli တို့မိသားစုဟာတောထဲမှာ ကျားတစ်ကောင်ရဲ့ တိုက်ခိုက်မှုကြောင့် ထွက်ပြေးခဲ့ရပြီး တစ်ယောက်နဲ့ တစ်ယောက် ကွဲကွာခဲ့ရပါတယ်။ နောက်ဆုံး Mowgli ဟာ မိဘမဲ့ ကလေးတစ်ယောက်အဖြစ်နဲ့ တောထဲ ကျန်ခဲ့ပြီး ဝံပုလွေလင်မယားရဲ့ ခေါ်ယူမွေးစားခြင်းကိုခံခဲ့ပါတယ်။ နောက် Mowgli ဟာတောထဲ အနေကြာလာတာနဲ့အမျှ အခြားတိရစ္ဆာန်တွေနဲ့ ခင်မင်ရင်းနှီးတဲ့ တောတွင်းသားလေး တစ်ယောက်ဖြစ်လာပါတယ်။ Mowgli လို တိရစ္ဆာန်တွေနဲ့ ရင်းနှီးတဲ့ကလေးမျိုး အပြင်မှာ ရှိနေမလားလို့ အချို့တွေးဖူးမိကြပါလိမ့်မယ်။ Tippi Benjamine Okanti Degre ဆိုတဲ့ ပြင်သစ်ကလေးမလေးတစ်ယောက်လည်း တိရစ္ဆာန်နဲ့ရင်းနှီးခဲ့ရာမှာ Mowgli အတိုင်းပါပဲ။ Tippi နဲ့Mowgli ကွာခြားတဲ့အချက်က Tippiက ဇာတ်ဆောင် Mowgli လိုတကယ့်သည်းထိတ်ရင်ဖိုစွန့်စားခန်းတွေ မရင်ဆိုင်ရတာပဲရှိပါတယ်။ Tippi ကိုနမ်မီးဘီးယားနိုင်ငံ Windhoek မြို့မှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ သူ့မိဘတွေက ပြင်သစ်လူမျိုးတွေဖြစ်တဲ့ Sylvie Robert နဲ့ Alain Degre တို့ဖြစ်ပြီး နှစ်ယောက်လုံးက တောရိုင်းတိရိစ္ဆာန်ဓာတ်ပုံဆရာတွေပါ။ ဒါကြောင့် Tippi ဟာမွေးဖွားလာကတည်းက အာဖရိကတောရိုင်းတိရိစ္ဆာန်တွေနဲ့ ထိတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ သူ့မိဘတွေကလည်းတောရိုင်း တိရိစ္ဆာန်တွေကို ဓာတ်ပုံလိုက် ရိုက်ဖို့အမြဲတစေ တောထဲ ခရီးသွားနေရပါတယ်။ တခါတရံ သုံးယောက်သား တောနက်ကြီးထဲ ရွက်ဖျင်တဲလေးထိုးပြီး နေရတဲ့အခါပေါင်းလည်း မနည်းပါဘူး။ ဒါကြောင့် Tippi တိရိစ္ဆာန်တွေကို ကြောက်စိတ်သိပ်မရှိတော့တာ သိပ်အံ့ဩစရာတော့ မဟုတ်ပါဘူး။

Tippi လေးတိရိစ္ဆာန်တွေနဲ့ အတူရှိနေတဲ့အခါ သူ့မိဘတွေ အမြဲစောင့်ကြည့်ပေးပါတယ်။ Tippi လေးနဲ့ ထိတွေ့တဲ့ တိရိစ္ဆာန်တွေကလည်း အမျိုးသားဥယျာဉ်ထဲမှာ မွေးထားတဲ့ ယဉ်ပါးတဲ့ တိရိစ္ဆာန်တွေပဲဖြစ်ပါတယ်။ ဒါပေမဲ့ တိရိစ္ဆာန်ဆိုတဲ့ အမျိုးက ဘယ်လောက်ယဉ်ယဉ် အကျင့်ပျောက်တတ်တာမဟုတ်ပါဘူး။ တစ်ခါကမျောက်ဝံ တစ်ကောင်ဆို Tippi လေး သောက်နေတဲ့ နို့ဗူးကို လုယူသွားပါတယ်။ တောကြောင်တစ်ကောင်ဆိုလည်း Tippi လေးရဲ့ နားခေါင်းကို သူ့လက်သည်းနဲ့ လှမ်းကုတ်ခြစ်ခဲ့ပါတယ်။ သူ့အမေအထိတ်တလန့် အဖြစ်ခဲ့ဆုံးက Cindy အမည်ရ အာဖရိက ဘားဘွန်းမျောက်ဝံကြီး Tippi ရဲ့ ဆံပင်မွှေးကို ဆောင့်ဆွဲခဲ့စဉ်က ဖြစ်ပါတယ်။

ဒါပေမဲ့ သူတို့ဆီက လူအများစုက Tippi လေးဟာ တိရိစ္ဆာန်တွေနဲ့ ရေစက်ပါတယ်လို့ ယုံကြည်ကြပါတယ်။ တခါတလေ နေ့ခင်းနေ့လည် ဝက်ကုလားအုတ် လျှောက်စီးပါတယ်။ ယဉ်ပါးတဲ့ ကျားသစ်တွေနဲ့လည်း ဟိုဟိုဒီဒီ လျှောက်သွားပါတယ်။ ဆင်ကြီးတွေနဲ့လည်း အတူတူဆော့ကစားပါတယ်။ သူ့ရဲ့အခင်မင်ဆုံး သူငယ်ချင်းကတော့ Abu အမည်ရ အာဖရိကန် ဆင်ကြီးတစ်ကောင် ဖြစ်တယ်လို့ ဆိုပါတယ်။ Tippi လေးကို Bushmen ခေါ် ဒေသခံအမဲလိုက်မုဆိုးတွေကလည်း ချစ်ခင်ကြပါတယ်။ ဒီလို အံ့ဩဖွယ်ရာကောင်းတဲ့ သူ့ရဲ့ကလေးဘဝက အသက်ဆယ်နှစ်အရွယ်မှာ ကုန်ဆုံးသွားပါတယ်။ ဘာကြောင့် လဲဆိုတော့ သူ့မိဘ တွေက ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကို ရွှေ့ပြောင်းခဲ့လို့ပါပဲ။ ဒါပေမဲ့ သူ့ရဲ့အမှတ်ရစရာ အဖြစ်အပျက်တွေကတော့ မပျက်စီးဘဲ ရှိနေပါတယ်။ မကြာသေးမီကမှ သူ့အတွေ့အကြုံအကြောင်းတွေ ရေးထားတဲ့ Tippi, My Book of Africa အမည်ရ စာအုပ်ကို ထုတ်လုပ်ဖြန့်ချိခဲ့ပါသေးတယ်။ အဲဒီစာအုပ်က တိရိစ္ဆာန်ချစ်တဲ့ လူတွေအကြား ရေပန်းစားလျက်ရှိနေပါတယ်။ အခု Tippi ဟာ အသက် ၂၃ နှစ် ရှိနေပြီဖြစ်ပြီး ပဲရစ်မြို့က တက္ကသိုလ်တစ်ခုမှာ ရုပ်ရှင်အနုပညာကို လေ့လာသင်ယူနေပါတယ်။ တကယ်လို့ Tippi တစ်ယောက်မိဘဖြစ်လာမယ်ဆို သူ့ကလေး တွေကို သူငယ်စဉ်က ရရှိခဲ့တဲ့ အတွေ့အကြုံလိုမျိုး ပြန်ပေးစွမ်းနိုင်မလားဆိုတာ အားလုံးက သိချင်နေကြပါတယ်။











www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ ၁၈ မှ အဆက်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




Ph:(09420091...)




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျီးကန်း ခုနှစ်ကောင်




တစ်ခါတုန်းက မိန်းမကြီးတစ်ယောက်မှာ သားခုနစ်ယောက်နဲ့ သမီးတစ်ယောက်ရှိသတဲ့၊ သားအကြီးခုနစ်ယောက် လုံးက အစားကြီးတာကြောင့် အမေဖြစ်သူမှာ လောက်ငအောင် မနည်းရှာဖွေရတယ်၊ တစ်နေ့ မိသားစုအားလုံးစားဖို့ ချက်ထားတဲ့ ထမင်းဟင်းတွေကို ညီအစ်ကိုခုနစ်ယောက် အလုအယက်စားလိုက်တာ အမေနဲ့သမီးဖြစ်သူ စားဖို့ ဘာမှ မကျန်တော့ဘူး။ အဲဒီမှာ အမေဖြစ်သူ ဒေါသထွက်သွားပြီး "မင်းတို့ အားလုံး ကျီးကန်းတွေကျနေတာပဲ၊ အစား အသောက်ဆို အလုအယက် စားကြဖို့ပဲ သိတယ်၊ ညီအစ်ကိုခုနစ်ယောက်လုံး တကယ် ကျီးကန်းတွေဖြစ်သွားရမှာ၊ ဒါဆို ငါလည်း ပင်ပင်ပန်းပန်း ရှာကျွေးဖို့ မလိုတော့ဘူး" ဆို ရေရွတ်ကြိမ်းမောင်းလိုက်တယ်၊ သူပြောလိုက်ပြီး မကြာခင်မှာပဲ သူ့သားခုနစ်ယောက်လုံး ကျီးကန်းအဖြစ် တစ်မဟုတ်ချင်း ပြောင်းလဲသွားတယ်၊ ခဏကြာတော့ အိမ်ပြတင်းတံခါးက ပျံသန်းထွက်သွားတယ်၊ ဒီလိုစိတ်မကောင်းစရာအဖြစ်အပျက်ဖြစ်ပြီး နောက်နှစ်အနည်းငယ် ကြာတော့ မိန်းမကြီးရဲ့ သမီးလေး တဖြည်းဖြည်းအရွယ်ရောက်လာတယ်၊ နေ့တိုင်းလိုလို သူ့အစ်ကိုတွေ ဘယ်ရောက်သွားပြီလဲ လိုက်တယ်၊ ဒါပေမဲ့ မိန်းကလေးက လှည့်ထွက်မသွားဘဲ "ဝင်ရှင့်ပေးပါ အမေရယ်၊ တောထဲမှာ ဒီနေရာအပြင် အခြားသွားစရာလုံးဝ မရှိတော့လို့ပါ၊ အိမ်ထဲမှာ မမြင်အောင် ပုန်းနေပါ့မယ်" ဆို တောင်းပန် လိုက်တယ်၊

မိန်းမကြီးအချိန်အတော်ကြာခြင်းဆန်နေပေမဲ့ နောက်ဆုံးတော့ ဝင်ရှင့်ပေးလိုက်ရတယ်၊ "ဟိုအခန်းထောင့်က ရေပင်တွေလား၊ အဲဒီအောက်ထဲမှာ သွားပုန်းချေ၊ အခု ငါ့ယောက်ျားအတွက် ရေမြှူးမြှူးကြက်တစ်ကောင် ကင်ပေးလိုက်ဦးမယ်၊ သူက ဗိုက်ဆာရင် အရမ်းဒေါသကြီးတာလေ" မိန်းမကြီးပြောလိုက်တယ်၊ အဲဒီအချိန်မှာ တဂျိုင်းဂျိုင်းနဲ့ လေတိုက်ခတ်သံတွေ ကြားလိုက်ရတော့ လေနတ်ဘုရားပြန်လာပြီဆိုတာ တွေ့လိုက်ရတယ်၊ အထဲဝင်လာလို့ မိန်းကလေး ချောင်းကြည့်လိုက်တော့ လေနတ်ဘုရား၊ ခန္ဓာကိုယ်က ဘီးလူးကြီးတစ်ကောင်လောက် ရှိပြီး ကြောက်မက်ဖွယ်ရာ ကောင်းတာကို တွေ့လိုက်ရတယ်၊ တစ်အောင့်လောက်ကြာတော့ "မိန်းမ... ငါအခု လူနံ့ရတယ် နော်၊ မင်းလူတစ်ယောက်ခေါ်ပြီး ဖွက်ထားတာလား။ ဗိုက်ဆာနေတာနဲ့ အဆင်သင့်လိုက်တာ" ဒေါသသံနဲ့ပြောပြီး မိန်းကလေး

ငါသွားတဲ့နောက်ကိုလိုက်လာပါ၊ မင်းကို တစ်နေရာမှာ ချထားပေးခဲ့မယ်" ဆိုဆက်ပြောတယ်၊ ဒီလိုနဲ့ မိန်းကလေး၊ မနက်ရောက်တော့ လေနတ်ဘုရား သွားတဲ့နောက် လိုက်ခဲ့တယ်၊ တောစပ်တစ်နေရာနားရောက်တော့ လေနတ်ဘုရားက သူ့ကို ချသွားပေးပြီး ရေတည့်တည့် ဆီးထက်ဖို့

တစ်နေရာမှာ ဝင်ပုန်းနေလိုက် တယ်၊ အဲဒီနေရာက ချောင်းကြည့်နေတော့ ကျီးကန်းဆယ့်နှစ်ကောင် ပျံသန်းလာတာ တွေ့လိုက်ရတယ်၊ အောက် ရောက်တာနဲ့ ကျီးကန်းတွေအားလုံး လူအဖြစ်ပြောင်းလဲသွားတယ်၊ အဲဒီထဲမှာ ခုနစ်ရောက်က သူ့အစ်ကိုတွေဆိုတာ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲသွားတယ်။ ခဏကြာတော့ အမြဲ တင်းတံခါးက ပျံသန်းထွက်သွားတယ်။ ဒီလိုစိတ်မကောင်းစရာအဖြစ်အပျက်ဖြစ်ပြီး နောက်နှစ်အနည်းငယ် ကြာတော့ မိန်းမကြီးရဲ့ သမီးလေး တဖြည်းဖြည်းအရွယ်ရောက်လာတယ်။ နေ့တိုင်းလိုလို သူ့အစ်ကိုတွေ ဘယ်ရောက်သွားပြီလဲဆိုတာ သူ့အမေကို မေးတယ်။ နောက်ဆုံး မိန်းမကြီးလည်းမနေနိုင်တော့တာကြောင့်ဖြစ်ရပ်မှန်ကို ပြောပြလိုက်တယ်။ အဲဒီမှာ မိန်းကလေးက သူ့အစ်ကိုတွေကို ပြန်တွေ့အောင်ရှာမယ်ဆိုပြီး ဆုံးဖြတ်ချက် ချလိုက်တယ်။ အစပိုင်းသူ့အမေ မသွားဖို့ သွားပေမဲ့ မိန်းကလေးက ဆုံးဖြတ်ချက် ပြတ်သားပြီး ရဲရင့်တဲ့သူဖြစ်တာ ကြောင့် တားမရတာနဲ့ သွားခွင့်ပေးလိုက်ရတယ်။

မိန်းကလေး ခရီးနှင်လာတာ ခုနစ်ရက် မြောက်တဲ့နေ့ကျတော့ တောထဲ မျက်စိလည်ပြီး လမ်းပျောက်သွားတယ်။ညဖက်ရောက်လို့တည်းခိုစရာနေရာရှာမရတော့ အကူအညီရလိုရငြား အော်ဟစ်ကြည့်တယ်။ ဒါပေမဲ့ ဘယ်သူမှ မရှိတဲ့အတွက် သူ့အော်တာ အရှည်းနှီးပါပဲ။ ဒီလိုနဲ့ ရှေ့ဆက်လာရင်း ရှေ့မှာ မှိန်ပျပျမီးရောင်တစ်စုကို လှမ်းတွေ့ လိုက်ရတော့ သူ့အားတက်သွားတယ်။ အဲဒီမီးရောင်ကို ဦးတည်ပြီး လာခဲ့တာ နောက်ဆုံး တဲအိမ်တစ်လုံးဆီ ရောက်လာခဲ့တယ်။ အိမ်ရှေ့ ရောက်လို့ တံခါးခေါက်လိုက်တော့ အထဲက မိန်းမကြီးတစ်ယောက် ထွက်လာပြီး "ကလေးမ လေး...မင်းဒီက မြန်မြန်ထွက်သွားပါ။ ငါ့ယောက်ျား၊ လေနတ်ဘုရားက သူ့နားရောက်လာတဲ့ လူမှန်သမျှကို စားသုံးတတ်တယ်" ဆို သတိပေး ကိုယ်က ဘားလုံးကြီးတစ်ကောင်လောက် ရှိပြီး ကြောက်မက်ဖွယ်ရာ ကောင်းတာကို တွေ့လိုက်ရတယ်။ တစ်အောင့်လောက်ကြာတော့ "မိန်းမ... ငါ့အစ လူနံ့ရတယ် နော်၊ မင်းလူတစ်ယောက်ခေါ် ပြီး ဖွက်ထားတာလား။ ဗိုက်ဆာနေတာနဲ့ အဆင်သင့်လိုက်တာ" ဒေါသသံနဲ့ပြောပြီး မိန်းကလေး ရှိရာနေရာကို လိုက်ရှာတယ်။ ဒါပေမဲ့ ရှာမတွေ့ဘူး။ တစ်ချိန်တည်းမှာပဲ လေနတ်ဘုရားရဲ့ မိန်းမက သူကင်ထားတဲ့ ကြက်ကောင်လုံးကို ယူလာပြီး "ယောက်ျား...ရှင်ဘာတွေရှာနေတာလဲ။ ဒီမှာ ကြက်ကောင်လုံးကင် လာစားလေ" ဆို ခေါ်လိုက်တယ်။ လေနတ်ဘုရားသူ့အကြိုက်ဆုံးဟင်းလျာဖြစ်တဲ့ ကြက်ကောင်လုံးကင်ကို ကြည့်လိုက်တော့ စားချင်စိတ် တဖွားဖွားဖြစ်ပေါ်လာပြီး ဒေါသစိတ်တွေပြေသွားတယ်၊ "မိန်းမ...မင်း ဖွက်ထားတဲ့ လူကို ထုတ်လိုက်ကွာ၊ ငါဘာမှ မလုပ်ပါဘူး" လေနတ်ဘုရား၊ သူ့မိန်းမကို ပြောလိုက်တယ်။

မိန်းကလေးလည်း လေနတ်ဘုရား မိန်းမကြီးခေါ်တာနဲ့ သူပုန်းနေတဲ့နေရာက ထွက်လာခဲ့တယ်။ ပြီးတော့ လေနတ် ဘုရားတို့ ထိုင်နေတဲ့ စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ ပြီးတော့သူ့ကိုယ် သူ့မိတ်ဆက်ရင်းအိမ်ကထွက်လာတဲ့ အကြောင်းရင်းကို ပြောပြလိုက်တယ်။ သူပြောတာပြီးသွားတော့ လေနတ်ဘုရားက "ဟိုမှာ ငါစားထားလို့ ကျန်တဲ့ ကြက်ရိုးတွေကို ယူထား။ တစ်ချိန်ချိန် မင်းအတွက် အသုံးဝင်လိမ့်မယ်" ဆို ပန်းကန်ထဲ ထည့်ထားတဲ့ အရိုးတွေကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်၊ နောက်တော့ "မနက်မိုးလင်းရင် ငါသွားတဲ့နောက်ကိုလိုက်လာပါ။ မင်းကို တစ်နေရာမှာ ချထားပေးခဲ့မယ်" ဆိုပြီးပြောတယ်။ ဒီလိုနဲ့ မိန်းကလေး၊ မနက်ရောက်တော့ လေနတ်ဘုရား သွားတဲ့နောက် လိုက်ခဲ့တယ်။ တောစပ် တစ်နေရာနားရောက်တော့ လေနတ်ဘုရားက သူ့ကို ချသွားပေးပြီး ရှေ့တည့်တည့် ခရီးဆက်ဖို့ ညွှန်ပြပေးခဲ့တယ်။ ရက်အနည်းငယ်လောက် ခရီးဆက်လာခဲ့ပြီး ဖန်သားတွေနဲ့ ပြုလုပ်ထား တဲ့ ရဲတိုက်ကြီး တစ်ခုဆီရောက်လာခဲ့တယ်။ အဲဒီ ရဲတိုက်ကြီးမှာ ဂိတ်ပေါက်ဝနဲ့ တံခါးပေါက်တွေ မရှိတာကြောင့် ဝင်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ အဲဒီမှာ မိန်းကလေး သူ့မှာရှိတဲ့ လေနတ်ဘုရားပေးထားတဲ့ ကြက်ရိုးတွေကို သတိရလိုက်တယ်။ ဖါနဲ့ ကြက်ခြေထောက်ရိုးနှစ်ချောင်းကို ယူပြီး ဖန်သားနံရံကို ချိတ်ကြည့်တော့ ခိုင်ခိုင်ခံခံရှိနေတာတွေ့လိုက်ရတယ်။ ဒီလိုနဲ့ကြက်ခြေထောက်ရိုးတွေအသုံးချပြီး ဖန်သားနံရံထိပ်ကို တက်လာခဲ့ပါတယ်။ အပေါ်ရောက်တော့ ,ပြတင်းပေါက်တစ်ခုရှိနေတယ်။ အဲဒီပြတင်းပေါက်ကနေ ရှေ့ဆက်လျှောက်လာတော့ ခန်းမကြီးတစ်ခုဆီ ရောက်လာခဲ့တယ်။ အဲဒီ ခန်းမထဲမှာ အိပ်ယာ ခုနစ်လုံးနဲ့ စားပွဲ ခုနစ်လုံး၊ ရှိနေတာတွေ့လိုက်ရတယ်။ စားပွဲတွေအားလုံးမှာ အစာထည့်ထားတဲ့ ခွက်တစ်ခွက်ဆီ တင်ပေးထားတယ်။ အဲဒီမှာ မိန်းကလေး ခွက်တစ်ခွက်ထဲက အစာကိုကုန်စင်အောင် စားလိုက်ပြီး သူ့လက်ထဲက လက်စွပ်ကို ခွက်ထဲပြန်ထည့်ပေးထားလိုက်တယ်။

ခဏအကြာမှာတောင်ပံခတ်သံတွေကြား လိုက်ရတော့ မိန်းကလေး အခန်းထောင့် တစ်နေရာမှာ ဝင်ပုန်းနေလိုက် တယ်။ အဲဒီနေရာက ချောင်းကြည့်နေတော့ ကျီးကန်းဆယ့်နှစ်ကောင် ပျံသန်းလာတာ တွေ့လိုက်ရတယ်၊ အောက် ရောက်တာနဲ့ ကျီးကန်းတွေအားလုံး လူအဖြစ်ပြောင်းလဲသွားတယ်။ အဲဒီထဲမှာ ခုနစ်ရောက်က သူ့အစ်ကိုတွေဆိုတာ မိန်းကလေး မှတ်မိလိုက်တယ်။ ကျန်တဲ့ငါးယောက်ကတော့ တခြားသူစိမ်းတွေ၊ ဘယ်သူတွေမှန်းမသိဘူး။ သူတို့ အားလုံး ညစာစားမယ်လုပ်တော့ အစ်ကို အကြီးဆုံးက သူ့ခွက်ထဲမှာ စားစရာတွေ အစား လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရတာကြောင့် အခန်းထဲ လူတစ်ယောက် ရောက်နေပြီဆိုတာ သိသွားကြတယ်၊ ဒီလိုနဲ့ အခန်းထဲ နေရာ အနှံ့ ပိုက်စိပ်တိုက်ရှာကြတော့ မိန်းကလေးကို တွေ့သွားကြတယ်၊ "ညီမအစ်ကိုတို့ကို ပြန်လာခေါ်တာပါ။ ပြီးတော့ နဂိုလ်အတိုင်း၊ ဖြစ်အောင် လုပ်ပေးမလို့လေ" မိန်းကလေး သူ့အစ်ကိုတွေကို တွေ့လိုက်တော့ ပြောလိုက်တယ်၊

ဒါပေမဲ့ သူ့အစ်ကိုတွေက "ဒီမှာ ညီမလေး... အစ်ကိုတို့က ကျိန်စာမိနေတဲ့သူတွေ၊ ညီမလေး အစ်ကိုတို့ ကျိန်စာပြေအောင် လုပ်ဖို့အတွက် စကားမပြောတတ်တဲ့ အ အ တစ်ယောက်လို ခုနစ်နှစ် တိတိနေနိုင်မှရမယ်။ ဒါကြောင့် ညီမ လေးဘာသာ အိမ်မှာ အေးအေးဆေးဆေးနေပြီး အမေ့ကို ပြုစုစောင့်ရှောက်ပါ" ဆိုသူတို့ညီမ လေးကို ပြောလိုက်တယ်၊

ဒါပေမဲ့မိန်းကလေးကတော့ဘယ်လောက်ခက်ခဲပါစေ သူ့အစ်ကိုတွေကို ကယ်တင်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါကြောင့် သူ့အစ်ကိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာပြယ်စေဖို့အတွက် ဘယ်သူနဲ့မှ စကား မပြောဘဲနေလာတာ နှစ်အတော် ကြာမြင့်လာခဲ့တယ်။ တစ်နေ့ တောထဲ ထင်းရှူးရှာထွက်လာရင်း သူတို့တိုင်းပြည်က ဘုရင်ကြီးတို့တစ်တွေကို အမဲလိုက်ထွက်လာတာ အဝေးက လှမ်းမြင်လိုက်ရတယ်။ မိန်းကလေးလည်း တွေ့ရင် စကားပြောမိနေမှာစိုးလို့ နီးစပ်ရာက သစ်ပင်အခေါင်းပေါက်တစ်ခုထဲ ဝင်ပုန်းလိုက်တယ်။ သူစကားမပြောဘဲနေလာတာ ခုနစ်နှစ် ပြည့်ခါနီးပြီဆိုတော့ ပြောလိုက်ရင် အရင်က စောင့်ထိန်းခဲ့တာတွေ အလဟဿဖြစ်သွားမှာလည်း စိုးရိမ်တယ်လေ။ ခဏကြာတော့ သူပုန်းနေတဲ့ သစ်ပင်နားကို ဘုရင်ကြီးရဲ့ အမဲလိုက်ခွေးတွေ ရောက်လာခဲ့တယ်။ ခွေးတွေက သစ်ပင်နားမှာ အနံ့ခံပြီး ရစ်သီရစ်သီ လုပ်နေတာကြောင့် ဘုရင်ကြီးက သစ်ပင်ကို စစ်ဆေးစေတယ်။ ဒီလိုကြောင့် သစ်ခေါင်းပေါက်ထဲ ပုန်းနေတဲ့ မိန်းကလေး ကိုတွေ့လိုက်ရပါတယ်။ ဘုရင်ကြီးက မိန်းကလေးကို ပုန်းနေရတဲ့အကြောင်းရင်း မေးမြန်းတော့ ဘာမှပြန်မဖြေတာကြောင့် အမျက်ရှပြီး အကျဉ်းချခံဖို့ အမိန့်ချမှတ်ခံလိုက်ရတယ်။ အကျဉ်းထောင်ထဲမှာလည်း မိန်းကလေးကို စကားပြောဖို့ အမျိုးမျိုးနှိပ်စက်ကြတယ်။ ဒါပေမဲ့ ဘာမှထူးမလာပါဘူး။ ဒါကြောင့် နောက်ဆုံး သေဒဏ် အစီရင်ခံရဖို့အထိ ဖြစ်လာပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် မိန်းကလေးကို သေဒဏ်စီရင်ဖို့ ကားစင်ပေါ်ခေါ်သွားတဲ့အချိန်က သူ့စကားမပြောဘဲ တိတ်တဆိတ်နေလာခဲ့တာ ခုနစ်နှစ်ပြည့်သွားတဲ့နေ့ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ သူ့အစ်ကိုကျီးကန်းတွေကလည်း မိန်းကလေးကို ကယ်တင်ဖို့ ပျံသန်းလာ ကြတာ တွေ့လိုက်ရတယ်။ ကားစင်ရှေ့ရောက်လို့ မြေကြီးကို ထိလိုက်တာနဲ့ ကျိန်စာပျယ်ပြီး ညီအစ်ကို ခုနစ်ယောက်လုံး နဂိုလ်လူအဖြစ် ကိုရောက်ရှိသွားပါတယ်။ ဒါနဲ့ ညီအစ်ကိုတွေ သူတို့ ညီမလေး စကားပြန်မပြောရတဲ့ အကြောင်းရင်း ဘုရင်ကြီးကို လျှောက်တင်ပြီး ရှင်းပြလိုက်ပါတယ်။ အဲဒီအခါ ကျတော့မှ ဘုရင်ကြီးက မိန်းကလေးရဲ့ ရဲရင့်ပြတ်သားတဲ့ စိတ်ဓာတ်ကို လေးစားသွားပြီး တစ်ခါတည်း မိဖုရား အဖြစ်တင်မြှောက်လိုက်ပါတယ်။ ညီအစ်ကိုတွေ ကတော့ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ အမေကို သွားခေါ်လာပြီး နန်းတော်မှာ မိသားစုတစ်တွေအားလုံး သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ရွှင်စွာနေထိုင်သွားကြပါတယ်။

## JOKES



### ကျွန်တော်သူ့သားပါ

တစ်နေ့ လမ်းမပေါ်မှာ ယာဉ်မတော်တဆမှု တစ်ခုဖြစ်တော့ လူတွေဝိုင်းအုံကြည့်နေကြတယ်။ အဲဒီမှာ သတင်းထောက်တစ်ယောက် သတင်းယူဖို့သွားတော လူတွေအုံနေတာကြောင့် ရှေ့တိုးလို့မရဘူး။ ဒါနဲ့ဥာဏ်နီဥာဏ်နက်ထုတ်ပြီး "ကျွန်တော် ကားတိုက်ခံရတဲ့သူရဲ့သားပါ၊ လမ်းဖယ်ပေးပါ" ဆို အော်ပြောရင်း အစင်း ဖြစ်တဲ့နေရာ တိုးဝေ့သွားတယ်၊ နေရာရောက်လို့ကြည့်လိုက်တော့ ကားတိုက်ခံရတာ လူမဟုတ်ဘဲ ခွေးတစ်ကောင် ဖြစ်နေပါတယ်၊

www.burmeseclassic.com

# HAPPY BIRTHDAY


မောင်ဖင်မင်းထိုက်
၃.၇.၁၉၈၄


မောင်အောင်ကြည်
၄.၇.၁၉၉၃


မောင်ဟန်ထူးအောင်
၄.၇.၁၉၉၇


မမေပိုပိုသော်(ခ)ပန်ပန်
၄.၇.၁၉၉၆


မအေးချမ်းမိုးဦး
၄.၇.၁၉၉၄


မောင်ဝင့်ပိုင်
၅.၇.၁၉၉၄


မောင်သက်ပိုင်ထွန်း
၆.၇.၁၉၉၀


မသက်ကေဖွန်
၆.၇.၁၉၉၃


မကေသွယ်ဖြိုး
၆.၇.၁၉၉၂


မခိုင်ဆုဝေ
၇.၇.၂၀၀၁


မထက်အိလွင်
၆.၇.၁၉၉၉


မနေခြည်လင်း
၆.၇.၁၉၉၆


မောင်ကိုကိုအောင်
၇.၇.၁၉၉၆


မမဥူစန်း
၇.၇.၁၉၈၈


ဦးတိုးနိုင်
၉.၇.၁၉၆၆


မောင်ညီသုခ
၇.၇.၂၀၀၁


မနုမြတ်သန္တာလှ
၇.၇.၂၀၀၁


မောင်ရဲမြတ်ကျော်
၆.၇.၁၉၉၄


မောင်ပွမ်ဟိုထွန်း
၈.၇.၁၉၉၇


မသိမ့်သန္တာဦး
၉.၇.၁၉၉၃



မောင်မင်းသူနိုင်
၇.၇.၁၉၉၇



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



www.burmeseclassic.com


www.burmeseclassic.com






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com



www.burmeseclassic.com